ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

Coronavirus 2019 (COVID-19) ကာလအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့ခွင့်

လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်းသောသတင်းလွှာ (၅ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်

အကြောင်းအရာ။ Coronavirus 2019 (COVID-19) ကာလအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့ခွင့်လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းထုတ်ပြန်ခြင်း

၁။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် ဆန်နှင့် ဆန်ကွဲ ပြည်ပတင်ပို့မည့် လုပ်ငန်းအစီအစဉ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၇.၄.၂၀၂၀ ရက်စွဲပါ သတင်းလွှာအမှတ် (၃/၂၀၂၀)ဖြင့်ထုတ်ပြန်ထားပါသည်။

၂။ အဆိုပါအစီအစဉ်အရ Coronavirus 2019 (COVID-19) ကာလအတွင်း ဆန်/ဆန်ကွဲ တင်ပို့ခွင့်လိုင်စင်လျှောက်ထားသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အတွက် ပူးတွဲပါလုပ်ထုံးလုပ်နည်းများကို အသိပေးထုတ်ပြန်လိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန

D:\DCTM\General\COVID

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

COVID-19 Pandemic ကာလအတွင်း ပြည်ပသို့ ဆန်/ဆန်ကွဲတင်ပို့ခွင့်လိုင်စင်
ခွင့်ပြုမည့်လုပ်ထုံးလုပ်နည်း

**ပို့ကုန်လိုင်စင် လျှောက်ထားခွင့်ရှိသည့် ကုမ္ပဏီ**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းတို့မှ ဆန်နှင့် ဆန်ကွဲတင်ပို့ခဲ့သည့် ပမာဏအပေါ် အခြေခံ၍ ၎င်းတို့ ဆောင်ရွက်ခဲ့သည့် ပမာဏအချိုးအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အဆိုပြုတင်ပြသည့် စာရင်းပါ ကုမ္ပဏီများသည် ပို့ကုန်လိုင်စင် လျှောက်ထားခွင့်ရှိသည်။

**ပို့ကုန်လိုင်စင်စိစစ်ခွင့်ပြုခြင်း**

၂။ ဆန်နှင့်ဆန်ကွဲပို့ကုန်လိုင်စင် ခွင့်ပြုနိုင်ရန်အတွက် လွန်ခဲ့သည့် သုံးနှစ်အတွင်း ကုမ္ပဏီများမှ အမှန်တင်ပို့ခဲ့သည့်ပမာဏအပေါ် အခြေခံ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကုမ္ပဏီအလိုက် တင်ပို့ခွင့်ပြုသင့်သည့်အဆိုပြုပမာဏအပေါ် လစဉ် ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန်ငါးသောင်းကို ပို့ကုန်လိုင်စင်စိစစ်ရေးအဖွဲ့မှ စိစစ်၍ ခွင့်ပြုသွား မည်ဖြစ်သည်။

၃။ အကယ်၍ ပထမတစ်လအတွင်း ခွင့်ပြုပြီး လိုင်စင်ပါ ပမာဏအားလုံးကို အကြောင်းရင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် တင်ပို့နိုင်ခြင်းမရှိဘဲ ပမာဏအချို့သာ တင်ပို့နိုင်သည့်ကုမ္ပဏီမှ နောက်တစ်လအတွက် လိုင်စင်လျှောက်ထားလာပါက ယင်းကုမ္ပဏီ၏ လိုင်စင်လက်ကျန်ပမာဏကို အမှန်တင်ပြင်ဆင်အပ်နှံပြီးမှသာ လစဉ်တင်ပို့ခွင့်ပမာဏအတိုင်း ခွင့်ပြုသွားမည်ဖြစ်သည်။

၄။ လအလိုက် ခွင့်ပြုထားသော ပို့ကုန်လိုင်စင်ပမာဏကို ပြည့်မီစွာ တင်ပို့နိုင်ခြင်းမရှိ၍ အမှန်တင်ပြင်ဆင်အပ်နှံသည့်ကိစ္စတွင် ယင်းတင်ပို့မှုအတွက် ပေးသွင်းထားပြီးဖြစ်သည့် အရန်ဆန်

ပမာဏအား ပေးသွင်းသည့်ကုမ္ပဏီသို့ ပြန်လည်ထုတ်ပေးခြင်း၊ ခုနှိမ်ခြင်းတို့ကို ခွင့်ပြုမည် မဟုတ်ပါ။

၅။ ဆန်နှင့်ဆန်ကွဲပို့ကုန်လိုင်စင်လျှောက်ထားခွင့်ရှိသည့် ကုမ္ပဏီများအတွက် လစဉ်သတ်မှတ်ထားသော ပမာဏကိုသာ ခွင့်ပြုသွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လစဉ်ပို့ကုန်လိုင်စင်လျှောက်ထားခြင်းမရှိဘဲ နှစ်လ/သုံးလအတွက်ပို့ကုန်လိုင်စင်ကို တစ်ပေါင်းတည်း လျှောက်ထားခြင်း၊ ကျော်လွန်သွားသည့်ကာလအတွက် ပြန်လည်လျှောက်ထားခြင်းများကို ခွင့်ပြုသွားမည် မဟုတ်ပါ။

**ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ပါဝင်ရမည့် အထောက်အထားများ**

၆။ လိုင်စင်လျှောက်ထားခွင့်ရှိသည့် ကုမ္ပဏီသည် ပုံမှန်ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ပါဝင်သော စာရွက်စာတမ်းများအပြင် အောက်ပါအထောက်အထားများနှင့်တကွ တင်ပြရမည်-

(က) **မေလအတွက် လိုင်စင်လျှောက်ထားရာတွင်**

(၁) ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ ဆန်/ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင် ခွင့်ပြုထုတ်ပေးထားမှုအပေါ် အမှန်တင်ပို့မှုအထောက်အထားဖြစ်သော အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ(ED)နှင့် အကယ်၍ ခွင့်ပြုလိုင်စင်ပမာဏအား အပြည့်အဝတင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန် ကျန်ရှိပါက အမှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထား၊

(၂) ဆန်/ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန်ဆန် ၁၀% ပေးသွင်းထားပြီးကြောင်း အထောက်အထား။

(ခ) **ဇွန်လမှ စက်တင်ဘာလများအတွက် လိုင်စင်လျှောက်ထားရာတွင်**

(၁) ယခင်လတွင် ခွင့်ပြုချက်ရရှိသည့် လိုင်စင်များအပေါ် ပြီးပြတ်အောင် တင်ပို့ပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ(ED)၊

(၂) ခွင့်ပြုလိုင်စင်ပမာဏအား အပြည့်အဝတင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန် ကျန်ရှိပါက အမှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထား၊

(၃) ဆန်/ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန်ဆန် ၁၀%ကြိုတင်ပေးသွင်းထားပြီးကြောင်း အထောက်အထား။

**ဆန်/ဆန်ကွဲပို့ကုန်လိုင်စင်သက်တမ်း**

၇။ COVID-19 Pandemic ကာလအတွင်း ပြည်ပသို့ ဆန်/ဆန်ကွဲတင်ပို့ခွင့်အတွက် လိုင်စင် ခွင့်ပြု သက်တမ်းမှာ တစ်လ ဖြစ်သည်။

၈။ ဆန်/ဆန်ကွဲပို့ကုန်လိုင်စင်ကို ကုမ္ပဏီမှ အထောက်အထားအချက်အလက်ပြည့်စုံစွာ တင်ပြပါက အစိုးရ ရုံးဖွင့် ရက် ၃ ရက်အတွင်း ခွင့်ပြုထုတ်ပေးမည်။